စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

စိုက်ပျိုးရေးဦးစီးဌာန

ဟိုပန်ခရိုင်၊ ဟိုပန်မြို့



“ ဝ”ဒေသနှင့်ကိုက်ညီသောယာစပါးမျိုးသုတေသနပြုရာဖွေခြင်း

ဦးမင်းသူ

(လ/ထဦးစီးမှူး)

ဟိုပန်ခရိုင်

ဟိုပန်ခရိုင်အုပ်ခြုပ်မြေပုံ

စမ်းသပ်ကွက်တည်နေရာ



နောက်ခံသမိုင်းကြောင်း

- “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ရုံးစိုက်ရာ ခရိုင်မြို့တစ်မြို့
- (၅၆၂၅.၅၀)စတုရန်းမိုင်(၃၆၀၀၃၂၆)ကေရှိပြီးပင်လယ်ရေမျက်နှာပြင်အထက်အမြင့် (၁၃၃၉) ပေ
- ပုံမှန်မိုးရွာရက်(၇၅)ရက်ရှိပြီး ပုံမှန်မိုးရေချိန်(၄၃.၂၇)လက်မ
- အမြင့်ဆုံးအပူချိန် (၂၇'C) ရှိပြီး အနိမ့်ဆုံး (၁၆'C)
- အရှေ့ဘက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ တောင်ဘက်တွင်မက်မန်းခရိုင်၊ အနောက်ဘက်နှင့်မြောက်ဘက်တွင်လားရှိုးခရိုင်နှင့်မြောက်ဘက်တွင်လောက်ကိုင်ခရိုင်တို့နှင့် နယ်နိမိတ်ချင်းထိစပ်လျက်တည်ရှိ

ရည်ရွယ်ချက်

- “ဝ”ဒေသတွင်ဒေသနှင့်ကိုက်ညီသော ယာစပါးမျိုးကောင်းမျိုးသန့်များ ရှာဖွေဖော်ထုတ်သွားရန်
- အထွက်နှုန်းကောင်း၍ အရည်အသွေးကောင်းသောယာစပါးမျိုးများ စိုက်ပျိုးခြင်းဖြင့်ဒေသဝမ်းစာဖူလုံပြီး ပိုလျှံပါကရောင်းချ၍ တောင်သူများ ဝင်ငွေတိုးတက်လာစေရန်
- ယာစပါးစိုက်ပျိုးခြင်းသည် ဓါတုသွင်းအားစုများ အနည်းငယ်သုံးစွဲခြင်းကြောင့် ဘေးကင်းလုံခြုံစိတ်ချရသော အစားအစာများ ပိုမိုရရှိလာနိုင်စေရန်

စမ်းသပ်ကွက်ဆောင်ရွက်ရသည့်အကြောင်းအရာ

- မိုးစပါးစိုက်ကေ(၃၅၀၀)ကျော်ရှိပြီး လယ်စပါးကေ(၁၀၀၀၀)ကျော်နှင့် ယာစပါးကေ(၂၅၀၀၀)ခန့် စိုက်ပျိုးလုပ်ကိုင်
- မိရိုးဖလာစိုက်ပျိုးလာသောယာစပါးမျိုးများသည်အရည်အသွေးနှင့် အထွက်နှုန်းများ ကျဆင်းလာ
- ဆန်ဖူလုံမှုအခြေအနေအရ (၈၉.၆၄%) ရှိပြီးဒေသဝမ်းစာဖူလုံစေရန်ယာစပါးများကို အားထားစိုက်ပျိုး
- ထို့ကြောင့် အရည်အသွေး ကောင်းမွန်ခြင်း ၊ စားသုံးမှုအဆင့်အတန်းကောင်းပြီး အထွက်ကောင်းသောယာစပါးစိုက်ပျိုးခြင်းအားဖြင့်ဒေသ၏စိုက်ပျိုးထုတ်လုပ်မှုမြင့်မားကာ တောင်သူများဝင်ငွေ တိုးတက်လာမည် ဖြစ်ပါသည်။

ဆောင်ရွက်သည့်နည်းလမ်း

စမ်းသပ်ကွက်ဆောင်ရွက်မှုအခြေအနေ

မြို့နယ်	ဟိုပန်မြို့နယ်
ကျေးရွာ	မန်မိုင်
ကွင်းအမှတ်	၂
ဦးပိုင်အမှတ်	၃၂
စမ်းသပ်ကွက်ငယ်ရေယာ	၀.၀၅ ဧက
စမ်းသပ်ကွက်ပုံစံ	ရိုးရိုး (Simple Trial)
စိုက်ပျိုးသည့်ရက်စွဲ	၅-၆-၂၀၂၁
စိုက်ပျိုးသည့်စနစ်	၉” × ၄”

စမ်းသပ်ကွက်ဆောင်ရွက်မှုအခြေအနေ(အဆက်)

အကြောင်းအရာ	စမ်းသပ်သည့်ယာစပါးမျိုးများ				
	ယာ-၁	ကုန်းမြင့်-၂	ကုန်းမြင့်-၄	ယာ-၂	ယာ-၈
မြေသြဇာသုံးစွဲမှု					
မြေခံ(ကွန်ပေါင်း) ၁၅:၁၅:၁၅:	၁ အိတ်/ဧက	၁ အိတ်/ဧက	၁ အိတ်/ဧက	၁ အိတ်/ဧက	၁ အိတ်/ဧက
ပင်ပွားစီးချိန် (ယူရီးယား)	၀.၅အိတ်/ဧက	၀.၅အိတ်/ဧက	၀.၅အိတ်/ဧက	၀.၅အိတ်/ဧက	၀.၅အိတ်/ဧက
မျိုးကပ်ချိန် (ယူရီးယား)	၀.၅အိတ်/ဧက	၀.၅အိတ်/ဧက	၀.၅အိတ်/ဧက	၀.၅အိတ်/ဧက	၀.၅အိတ်/ဧက

စမ်းသပ်ကွက်ဆောင်ရွက်မှုအခြေအနေ(အဆက်)

အကြောင်းအရာ	စမ်းသပ်သည့်ယာစပါးမျိုးများ				
	ယာ-၁	ကုန်းမြင့်-၂	ကုန်းမြင့်-၄	ယာ-၂	ယာ-၈
ပိုးမွှားရောဂါကာကွယ်နှိမ်နင်းမှု					
ပင်ပွားစီးချိန် (ဒိဇော၂၀WP)	၁၀၀ဂရမ်/ဧက	၁၀၀ဂရမ်/ဧက	၁၀၀ဂရမ်/ဧက	၁၀၀ဂရမ်/ဧက	၁၀၀ဂရမ်/ဧက
ပန်းစပွင့်ချိန် (နီဗိုစူပါ)	၁၀၀စီစီ/ဧက	၁၀၀စီစီ/ဧက	၁၀၀စီစီ/ဧက	၁၀၀စီစီ/ဧက	၁၀၀စီစီ/ဧက

အပင်ကြီးထွားမှုဆိုင်ရာအချက်များကောက်ယူခြင်း

စဉ်	အကြောင်းအရာ	စမ်းသပ်သည့်ယာစပါးမျိုးများ				
		ယာ-၁	ကုန်းမြင့်-၂	ကုန်းမြင့်-၄	ယာ-၂	ယာ-၈
၁	မြို့ကပ်ချိန်	၁၀.၈.၂၀၂၁	၁၀.၈.၂၀၂၁	၇.၈.၂၀၂၁	၁၀.၈.၂၀၂၁	၆.၈.၂၀၂၁
၂	ပန်းစပွင့်ရက်	၇.၉.၂၀၂၁	၅.၉.၂၀၂၁	၄.၉.၂၀၂၁	၆.၉.၂၀၂၁	၂၈.၈.၂၀၂၁
၃	၅၀%ပန်းပွင့်ရက်	၉၅	၉၅	၉၂	၉၅	၈၅
၄	ပန်းပွင့်စုံရက်	၁၀၀	၁၀၀	၉၇	၁၀၀	၉၀

အပင်ကြီးထွားမှုဆိုင်ရာအချက်များကောက်ယူခြင်း (အဆက်)

စဉ်	အကြောင်းအရာ	စမ်းသပ်သည့်ယာစပါးမျိုးများ				
		ယာ-၁	ကုန်းမြင့်-၂	ကုန်းမြင့်-၄	ယာ-၂	ယာ-၈
၅	ရိတ်သိမ်းရက်	၇.၁၀.၂၀၂၁	၇.၁၀.၂၀၂၁	၇.၁၀.၂၀၂၁	၇.၁၀.၂၀၂၁	၇.၁၀.၂၀၂၁
၆	အသက်ရက်	၁၃၀	၁၃၀	၁၂၃-၁၂၅	၁၃၀	၁၂၀-၁၂၅
၇	အပင်အမြင့်(ပေ)	၄'၂"	၄'၄"	၄'၅"	၄'၃"	၄'၁၀"
၈	နှံစအရှည်(လက်မ)	၉	၉	၁၀	၁၀	၁၁


အထွက်နှုန်းမိတ်ဖက်နှင့်အထွက်နှုန်းခန့်မှန်းခြင်း

စဉ်	အကြောင်းအရာ	စမ်းသပ်သည့်ယာစပါးမျိုးများ				
		ယာ-၁	ကုန်းမြင့်-၂	ကုန်းမြင့်-၄	ယာ-၂	ယာ-၈
၉	အနှံပေါင်း/မီတာ	၁၄၇	၁၂၉	၁၃၀	၁၄၂	၁၂၀
၁၀	တစ်နှံပါအောင်စေ့	၈၄	၁၀၉	၁၁၁	၁၂၄	၁၇၆
၁၁	အစေ့(၁၀၀၀) အလေးချိန်(ဂရမ်)	၂၄	၂၃.၈၁	၂၆.၄	၂၃.၈၆	၂၃.၄
၁၂	မိတ်ဖက်အရ အထွက်နှုန်း(တင်း)	၅၆.၇၆	၆၄.၁၂	၇၂.၉၆	၈၀.၄၆	၉၄.၆၅

စံကွက်ရိုတ်သိမ်းခြင်း

စဉ်	အကြောင်းအရာ	စမ်းသပ်သည့်ယာစပါးမျိုးများ				
		ယာ-၁	ကုန်းမြင့်-၂	ကုန်းမြင့်-၄	ယာ-၂	ယာ-၈
၁	၆.၆'×၆.၆' အကွက်အထွက်(ဘူး)	၇	၈	၉	၁၀	၁၂.၅၀
၂	တစ်ကေအထွက်နှုန်း(အစို)	၅၅	၆၃	၇၀	၇၈	၉၈
၃	တစ်ကေအထွက်နှုန်း(အခြောက်)	၅၀	၅၇	၆၅	၇၂	၉၀

အထွက်နှုန်းနှိုင်းယှဉ်ချက်(တင်း/ဧက)



စားသုံးမှုအဆင့်အတန်းနှင့်ထူးခြားချက်များ

စဉ်	အကြောင်းအရာ	စမ်းသပ်သည့်ယာစပါးမျိုးများ				
		ယာ-၁	ကုန်းမြင့်-၂	ကုန်းမြင့်-၄	ယာ-၂	ယာ-၈
၁၆	စားသုံးမှုအဆင့်အတန်း	သင့်	သင့်	သင့်	ကောင်း	ကောင်း
၁၇	ထူးခြားချက်	အဖျင်းများ	အပင်တောင့်တင်း	အသင့်တင့်ယိုင်	ယိုင်လဲ	အောင်စေ့များ

သုံးသပ်ချက်များ

ယာ-၁ စပါးမျိုးသည်

- တစ်ကေအထွက်နှုန်းအနည်းဆုံးဖြစ်ခြင်း
- တစ်နှံပါအောင်စေ့နည်း၍ အဖျင်းများခြင်း
- နှံစတိုခြင်း
- ပိုးမွှားရောဂါဒဏ်ခံနိုင်ရည်မရှိခြင်း
- တောင်သူကြိုက်နှစ်သက်မှုမရှိခြင်း





သုံးသပ်ချက်များ(အဆက်)

ကုန်းမြင့်-၂ စပါးမျိုးသည်

- အထွက်နှုန်း ဒုတိယအနည်းဆုံးဖြစ်ခြင်း
- တစ်နှံပါအောင်စေ့နည်းပြီးအဖျင်းများခြင်း
- နှံစတိုခြင်း
- ပင်စည်တောင့်တင်းခိုင်မာမှုရှိခြင်း
- အထွက်နှုန်းနည်း၍ တောင်သူစိတ်ဝင်စားမှုမရှိခြင်း





သုံးသပ်ချက်များ(အဆက်)

ကုန်းမြင့်-၄ စပါးမျိုးသည်

- အထွက်နှုန်းအသင့်အတင့်ရှိခြင်း
- တစ်နှံပါအောင်စေ့ အသင့်အတင့်ခြင်း
- နှံစအသင့်အတင့်ရှည်ခြင်း
- ပင်စည်တောင့်တင်းခိုင်မာမှုရှိခြင်း
- ရောဂါပိုးမွှားဒဏ်အသင့်အတင့်ခံနိုင်ရည်ရှိခြင်း
- စားသုံးမှုအရ တောင်သူကြိုက်နှစ်သက်မှုမရှိခြင်း





သုံးသပ်ချက်များ(အဆက်)

ယာ-၂ စပါးမျိုးသည်

- အထွက်နှုန်း ဒုတိယ အကောင်းဆုံးဖြစ်ခြင်း
- တစ်နှံပါအောင်စေ့များပြီး အဖျင်းနည်းခြင်း
- အပင်ယိုင်လဲမှုရှိခြင်း
- ရောဂါပိုးမွှားဒဏ်ခံနိုင်ရည်ရှိခြင်း
- အပင်ယိုင်လဲ၍ တောင်သူကြိုက်နှစ်သက်မှု မရှိခြင်း





သုံးသပ်ချက်များ(အဆက်)

ယာ -၈ စပါးမျိုးသည်

- အထွက်နှုန်းအကောင်းဆုံးဖြစ်ခြင်း
- တစ်နှံပါအောင်စေ့များပြီး အဖျင်းနည်းခြင်း
- ရောဂါပိုးမွှားဒဏ်ခံနိုင်ရည်ရှိခြင်း
- အပင်တောင့်တင်းခိုင်မာမှုရှိခြင်း
- ရေငတ်ဒဏ်ခံနိုင်ရည်ရှိခြင်း
- ဒေသရာသီဥတုနှင့် ကိုက်ညီခြင်း
- စားသုံးမှုအရည်အသွေးနှင့်အထွက်နှုန်း ကောင်းမွန်သောကြောင့်တောင်သူများ ကြိုက်နှစ်သက်ခြင်း





ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်

- ရောဂါပိုးမွှားဒါဏ်ခံနိုင်ပြီးဒေသနှင့်ကိုက်ညီသောအထွက်နှုန်း ကောင်း၍ ဒေသရှိပြည်သူများစားသုံးရန် နှစ်သက်သော (ယာ-၈) စပါးမျိုးကို ၂၀၂၂ခုနှစ်မိုးရာသီတွင် ယခင်နှစ်စုဆောင်းထားရှိသည့် ခေါင်နှံများမှ လည်းကောင်း၊စိုက်ပျိုးရေးသုတေသနဦးစီးဌာန(DAR)မှလည်းကောင်၊ မျိုးသန့်ခြံများမှလည်းကောင်းမျိုးစေ့ရယူ၍တိုးချဲ့စိုက်ပျိုးနိုင်ရန် ဆောင်ရွက်သွားပါမည်။

နိဂုံး

- ၂၀၂၀-၂၀၂၁ခုနှစ် မိုးရာသီတွင် ဟိုပန်မြို့နယ်၌ ယာစပါးမျိုးများကို စိုက်ပျိုးရေးသုတေသနဦးစီးဌာန(DAR)၊ ရေဆင်းမှရယူပြီး မျိုးယှဉ်ပြိုင်စမ်းသပ်စိုက်ပျိုးခဲ့ရာတွင် (ယာ-၈)စပါးမျိုးသည်
  - ✓ အထွက်နှုန်းကောင်းခြင်း၊
  - ✓ စားသုံးမှုအဆင့်အတန်းကောင်းမွန်ခြင်း၊
  - ✓ ပင်စည်တောင့်တင်းခိုင်မာခြင်း၊
  - ✓ ပိုးမွှားရောဂါဒဏ်ခံနိုင်မှုရှိခြင်းနှင့်
  - ✓ ဒေသရေမြေရာသီဥတုနှင့်ကိုက်ညီခြင်းတို့ကြောင့်

  “ဝ” ဒေသတွင်စိုက်ပျိုးသင့်သောယာစပါးမျိုးအဖြစ် သုတေသနပြုရာဖွေတွေ့ရှိခဲ့ပါကြောင်း တင်ပြအပ်ပါသည်။

ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ



စိုက်ပျိုးခြင်း



Dataကောက်ယူခြင်း



ပိုးသတ်ဆေးဖျန်းခြင်း



တောင်သူစိုက်ပျိုးမှုမှတ်တမ်း

JJ

ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ





အောင်မြင်ဖြစ်ထွန်းမှုများ





ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ





စံကွက်ရိတ်သိမ်းခြင်းနှင့်ကွင်းပြပွဲဆောင်ရွက်မှု







ဆွေးနွေးအကြံပြုချက်များကို ကြိုဆိုပါသည်။